# နွေဦးအသံ
the voice of spring

12.5.2021 · Wednesday · No . 37 · Daily News Pamphlet

## ရန်ကုန်၊ ဒေါပုံ၊ မဟာဗန္ဓုလတံတား အနီးတွင် အပြင်းစားပေါက်ကွဲမှုဖြစ်ခဲ့

သတင်းတို · ရင်းမြစ် – ဧရာဝတီ မှ

## ထားဝယ်သပိတ်စစ်ကြောင်း ဖြိုခွဲခံရပြီး (၁၃)ဦးခန့် အဖမ်းဆီးခံရ

သတင်းတို · ရင်းမြစ် – DVB မှ

## CDM ဝန်ထမ်းများကို ဖိအားပေး တရားစွဲဆိုနေသည့် ကျန်းမာရေးဝန်ကြီးဌာနမှအရာထမ်း(၁၀)ဦးကို အမည်ပျက်စာရင်းသွင်း၍ နိုင်ငံ့ဝန်ထမ်း အဖြစ်မှ ထုတ်ပယ်ကြောင်း NUG ကျန်းမာရေးဝန်ကြီးဌာနမှ ထပ်မံထုတ်ပြန်ခဲ့

သတင်းတို · ရင်းမြစ် – NUG မှ

## ရက်(၁၀၀)အတွင်း စစ်အုပ်စုက ကျောင်းဆရာ၊ ဆရာမပေါင်း (၇၀)ဦးခန့်ကို သတ်ဖြတ်ခဲ့ကြ

သတင်းတို · ရင်းမြစ် – RFA မှ

## နိုင်ငံရေးခိုလှုံခွင့်တောင်းလာသူများကို အကူအညီပေးခြင်းဖြင့် အိမ်နီးချင်းနိုင်ငံကောင်း ပီသရမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ အပါအဝင် မြန်မာနိုင်ငံကိုယ်စားပြု EU အဖွဲ့ဝင်နိုင်ငံများမှသံအမတ်ကြီးများနှင့် NUG အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးကြစဉ် ဝန်ကြီးဒေါက်တာဆာဆာက ပြောကြားခဲ့

**နွေဦးတော်လှန်ရေး ရက်(၁၀၀)ပြည့်၌ သပိတ်စစ်ကြောင်းများက နိုင်ငံအနှံ့ အရှိန်မပြတ်ဆန္ဒဖော်ထုတ်ခဲ့ကြပြီး နိုင်ငံတော်အာဏာလုယူ၍ ပြည်သူ(၇၈၁)ဦးခန့်ကိုရက်စက်စွာသတ်ဖြတ်ထားသည့် စစ်ရာဇဝတ်ကောင် မင်းအောင်လှိုင်နှင့်အကြမ်းဖက်စစ်အုပ်စုအဖွဲ့မှာ မည်သည့်အုပ်ချုပ်ရေးယန္တရားမှတည်ဆောက်၍မထိန်းချုပ်နိုင်**




မေလ(၁၁)ရက်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့မှ ရာချီသောလူအင်အားဖြင့် ချီတက်ခဲ့ကြသည့် မြို့နယ်ပေါင်းစုံ တပ်ပေါင်းစုသပိတ်စစ်ကြောင်း အသီးသီးကို တွေ့ရစဉ် -(ဓါတ်ပုံ - CJ )

## စစ်ကိုင်း၊ တန့်ဆည်မြို့ ပြည်သူ့ကာကွယ်ရေးအဖွဲ့က တိုက်ခိုက်ခဲ့ရာ စစ်အုပ်စုမှ (၃)ဦးခန့်သေဆုံးခဲ့ဟုသိရ

သတင်းတို · ရင်းမြစ် – ဧရာဝတီ မှ

## အဖမ်းခံရသည့် DVB သတင်းထောက်များကို မြန်မာသို့ ပြန်မပို့ရန် ထိုင်းမီဒီယာအဖွဲ့အစည်းများ တောင်းဆိုခဲ့

သတင်းတို · ရင်းမြစ် – ဧရာဝတီ မှ

## မြင်းခြံ၊ တလုပ်မြို့ရွာရှိ ဒေသခံများက ခုခံခဲ့ကြရာ စစ်အုပ်စုမှ (၁)ဦးသေဆုံးပြီး ထိခိုက်မှုများပြားဟုသိရ

သတင်းတို · ရင်းမြစ် – ဧရာဝတီ မှ

## ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)မှ CDM ဝန်ထမ်း (၁၀၃)ဦးကို စစ်အုပ်စုက တာဝန်မှ ယာယီရပ်ဆိုင်းခဲ့

သတင်းတို · ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
12.5.2021 · Wednesday · No . 37 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၁၁)ရက်၊ ၂၀၂၁




- ရွှေကူတွင် နံနက်(၄)နာရီခန့်က စစ်အုပ်စုမှ လက်နက်နှင့် ရိက္ခာသယ်ဆောင်လာသည့် သင်္ဘောအား KIA က ဧရာဝတီ ဒုတိယ မြစ်ကျဉ်းနှင့် ဇင်းဘုံကျေးရွာအနီးတွင် နစ်ကြိုမ်ပစ်ခတ်တိုက်ခိုက်ခဲ့။
- နမ္မတီးတွင် စစ်အုပ်စုက မေလ (၁၁)ရက် ည (၉) နာရီခွဲခန့်တွင် ပစ်ခတ်မှုများ ပြုလုပ်ခဲ့၍ ဒေသခံ(၁)ဦး သေဆုံးကာ (၃)ဦး ဒဏ်ရာရရှိခဲ့။
- ရန်ကုန်၊ ရွှေပြည်သာမြို့နယ် (၉) ရပ်ကွက်ရှိ အမိုးကြီးဈေးအနီးနှင့် (၈) ရပ်ကွက်ရှိ အ.ထ.က (၃) ကျောင်း တို့၌ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့။
- ပဲခူးတက္ကသိုလ်၊ ဘုရားလမ်း ရဲကင်းတွင် နေ့လယ် (၁)နာရီခန့်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့။
- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့ ပညာရေးမှူးရုံး အနီးတွင် မေ(၁၁)ရက်၊ ည (၈)နာရီခန့်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့။
- ရန်ကုန်- တာမွေ၊ ကျောက်မြောင်း၊ မလွှကုန်းလမ်းမှ လူငယ်(၄)ဦးနှင့် မြို့သစ်(၁) လမ်းနေ လူငယ်(၁)ဦးကို စစ်အုပ်စုက နေ့လယ်ပိုင်းတွင် လာရောက်ဖမ်းဆီးခဲ့။
- စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သုခလမ်းနေ မိုးလေးဆိုသူကို စစ်အုပ်စုက နေ့လယ်(၃)နာရီခွဲက ဖမ်းဆီးခဲ့။



- မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်ရှိ ပုဒ်မ-၅၀၅(က)နှင့် ဝရမ်းထုတ်ခံထားရသော ရာဒီမ်မှူးဟောင်း ဦးထက်အောင်မျိုးကို စစ်အုပ်စုက နံနက်(၂)နာရီကျော်ခန့်တွင် လာရောက်ဖမ်းဆီးခဲ့။
- ပုဂံ။ ကန့်ဘလူခရိုင်၊ ကျွန်းလှ။ သရက်ချောင်းမြို့နယ်၊ တောင်ပျောက်တိုက်နယ်။ မော်လမြိုင်။ ရှမ်း-ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့။
- ပဲခူး၊ ဒိုက်ဦးမြို့နယ်။ အောင်လံမြို့တို့၌ လူမဲ့သပိတ် ကို ပြုလုပ်ခဲ့ကြပြီး စစ်ကိုင်း၊ ရေဦးမြို့။ နတ်မောက်မြို့နယ်၊ သမှုန်းကုန်းကြီးရွာတို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ကို ပြုလုပ်ခဲ့ကြ။
- ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများပေါ်တွင် ရန်ကုန်မြို့ခံလူငယ်များက စစ်အာဏာရှင်စနစ်ကို တော်လှန်သည့် သွေးသစ္စာသီချင်းများ ပြိုင်တူသီဆိုကြကာ ဆန္ဒထုတ်ဖော်ထုတ်ခဲ့ကြ။
- *သပိတ်မှတ်စု*
- ရန်ကုန်၊ စမ်းချောင်း၊ သာကေတ၊ ဒေါပုံ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တောင်ဥက္ကလာပ မြို့နယ်ပေါင်းစုံ သပိတ်စစ်ကြောင်း၊ သာကေတ၊ တောင်ဒဂုံ၊ လှိုင်သာယာ၊ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ သံဃာသမဂ္ဂ၊ စက်မှု၊ တက္ကသိုလ်၊ ကျန်းမာရေး၊ မန်းရတနာပုံ တက္ကသိုလ်၊ အရှေ့မြို့သစ်၊ စိန်ပန်း၊ မဟာအောင်မြေ စစ်ကြောင်း။ စဥ့်ကိုင်၊ ပုလိပ်မြို့။ ညောင်ဦး။ မိုးကုတ်။ မိတ္ထီလာ။ တောင်ငူ။ ပခုက္ကူ။ စစ်ကိုင်း။ ဘုတလင်။ ရေဦး။ ယင်းမာပင်နှင့် ဆားလင်းကြီး။ လက်ပံတောင်း ကျေးရွာများ။ ဒီပဲယင်း။ ကသာ။ မုံရွာ။ ထီးချိုင့်၊ မြတောင်ရွာ။ တန့်ဆည်။ ရေဦး။ မကွေး-မြိုင်၊ နတ်မောက်-ကျေးရွာ(၂၃)ရွာ။ ရေစကြို၊ ကျေးရွာ(၁၅)ရွာ။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ မြိတ်။ ရေဖြူ၊ ကံပေါက်။ လောင်းလုံမြို့နယ်။ ချင်း၊ ဟားခါး။ မြစ်ကြီးနား။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ နမ္မတီး။ ဧရာဝတီ-ဖျာပုံ၊ ကယား၊ ဒီးမော့ဆို့။ ရှမ်း- နောင်ချို၊ တောင်ကြီး၊ မူဆယ်၊ ဟိုပုံး၊ နမ့်ဆန်၊ နမ့်ခမ်း။ နေပြည်တော် စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် - မဇ္ဈိမ မှ



ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၁၁)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၇၃ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၉၃၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၅၇၁ ဦး

ရင်းမြစ် - အေအေပီပီမှ








မေလ(၁၁)ရက်၊ ရန်ကုန်၊ မြောက်ဒဂုံ၌ ကိုချစ်မင်းသူ ကျဆုံးခြင်း (၂)လပြည့် အောက်မေ့ဖွယ်အခမ်းအနားကို တွေ့မြင်ရစဉ်

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

"ဝန်ထမ်းတွေ နိုင်ငံရေးမလုပ်စေချင်ရင် စစ်တပ်လည်း အာဏာမသိမ်းနဲ့"